ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

မြောင်မြို့နယ်

# လူထုဗဟိုပြုစီမံကိန်း ( ဒုတိယနှစ် စက်ဝန်း )

# National Community Driven Development Project

# (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

မယ်မသော်ကျေးရွာ    မယ်မသော်ကျေးရွာအုပ်စု    ၄. ၁. ၂၀၁၇

မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ ( တည်နေရာ )

၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ ( ကျေးရွာသမိုင်းကြောင်း )

၅။ လူထုပူးပေါင်းပါဝင်သော လူမှုသန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်( PSA / PRA ) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် ( ပုံစံ - ၁ )

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား ( ပုံစံ - ၂ )

၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ - ၃ )


၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း ( ပုံစံ - ၄ )

၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ


၁၄။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု ( Checklist For VDP )

# ၁။ မြို့နယ်မြေပုံ



မြောင်မြို့နယ်၏ အခြေပြမြေပုံ
စကေး ၁ လက်မ - ၂ မိုင်
စစ်ကိုင်းတိုင်းဒေသကြီး
ချောင်းဦးမြို့နယ်
မြင်းမူမြို့နယ်
မန္တလေးတိုင်းဒေသကြီး
မြင်းခြံမြို့နယ်
ရေစကြိုမြို့နယ်
မကွေးတိုင်းဒေသကြီး
33/11 KV,5MVA
70 mm2
95 mm2
ACSR 150 mm2
ရည်ညွှန်းချက်
- တိုင်းခြား
- မြို့နယ်ခြား
- ကျေးရွာအုပ်စုခြား
- မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်
- ကျေးရွာအုပ်စု (၄၈)အုပ်စု
- ကျေးရွာ (၈၁)ရွာ
- ကတ္တရာလမ်း
- ကျောက်ခင်းလမ်း
- မီးရထားလမ်း (၂)မိုင်
- မြစ်/ချောင်း
- မြို့နယ်ထွေ/အုပ်ရုံး
- မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း (၃)ခု
- ရဲကင်းများ (၆)ခု

၂။ ကျေးရွာမြေပုံ(တည်နေရာ)




၃။ အုပ်စုတွင် ပါဝင်သောကျေးရွာစာရင်း

(က ) မယ်မသော်ကျေးရွာ

(ခ ) စဥ့်ကျေးရွာ

၄။ ကျေးရွာအခြေခံအချက်အလက်များ

မယ်မသော်ကျေးရွာသည် ရှေးခေတ်ကာလ (၁၁၀၀)ခုနှစ်မှ ကြားဘူးခဲ့သော ရာဇဝင်အထွက္ပတ္တိ ပြောကြားရလျှင် လယ်မြေစပါးစိုက်သော လယ်သူမ ကြီးတစ်ဦး၏ အမည်ကို အစွဲပြုပြီး လူနေအိမ်ခြေများနောက်ပိုင်းတွင်တိုးချဲ့စည်ကားလာပြီး မယ်မသော်ကျေးရွာဟု စတင်ဖြစ်ပေါ်လာခဲ့ပါသည်။

## ကျေးရွာတွင်းရှိ စုစုပေါင်းအိမ်ထောင်စု နှင့် လူဦးရေ

| အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ၂၄၅ | ၇၄၉ | ၇၆၃ | ၁၅၁၂ |

## လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| | | | | |

## ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို | ၇၉ | ၄၅ | ၃၄ | ၇၉ |
| အမျိုးသမီးဦးဆောင် | ၄၂ | --- | ၄၂ | ၄၂ |
| မသန်စွမ်း | ၁၈ | ၁၀ | ၈ | ၁၈ |
| မြေယာမဲ့ | ၁၆ | ၂၅ | ၄၀ | ၆၅ |

## ကျေးရွာရှိအခြေခံ အဆောက်အအုံများ

| ပညာရေး | ခြစ်ပါ | ကျန်းမာရေး | ခြစ်ပါ | ဘာသာရေး | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | | ဆေးရုံ | | ဘုရား/စေတီ | √ |
| အလယ်တန်းကျောင်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | √ |
| မူလတန်းကျောင်း | √ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြိုကျောင်း | √ | ဆေးခန်း | √ | ခရစ်ယန်ဘုရားကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

## အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင်ငယ် | လယ်ကူလီ |
| ပဲအမျိုးမျိုး | ဝက် | လက်ဖက်ရည်ဆိုင် | - |
| နှမ်း | နွား | - | - |

**ကျေးရွာတွင်းအဓိက ပိုင်ဆိုင်မှုများ**

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးရေး | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၅၃၆ဧက | - | - | | ၁၅၀ | ၄၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဆိုင်ကယ် | ကုန်စုံဆိုင်(အငယ်) | လက်ဖက်ရည်ဆိုင် | အိမ်သာ(ကောင်း၊လတ်) | ဂွန်ဒေါင်း | ကား |
| အရေအတွက် | ၁၅၇ | ၁၆ | ၄ | ၁၀၀ | ၆၉ | ၄ |

**ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ**

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား | လှည်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၄၀ | ၆၈ | ၆၈ | - | ၅၆၀ | ၆၈ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် | ကြက် |
| အရေအတွက် | ၂၀ | ၁၅၇ | ၈ | ၁၃၆ | ၃ | ၁၅၀ |

**အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ**

| အရင်းအမြစ် | ဆေးခန်း | မူလတန်းကျောင်း | ဈေး | ကျွမ်းကျင်လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | - | ၁ | - | ၅ | ၄၀ | -- | - |

## ၅။ လူထုပူပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြနှင့် သယံဇာတ (social map/ Resource map) | ၃.၁.၂၀၁၄ | ကျေးရွာလူထု | ၄၅ | ၃၃ | ၇၈ | အိမ်များ၊အခြေခံအဆောက်အ ဦး များ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၃.၁.၂၀၁၄ | ကျေးရွာလူထု | ၃၆ | ၃၇ | ၇၃ | ကျေးရွာလူမှုစီးပွား၊အုပ်စုများ ခွဲခြားသတ်မှတ်နိုင်ရေး အတွက်အခြေခံစံနှုန်းများ သတ်မှတ်ခြင်း |
| ၃ | ရာသီခွင်ပြက္ခဒိန် (seasonal calendar) | ၃.၁.၂၀၁၄ | ကျေးရွာလူထု | ၄၅ | ၃၃ | ၇၈ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ ဝင်ငွေထွက်ငွေ၊မွေးမြူရေး လုပ်ငန်းများ၊ပညာရေး၊ ပွဲတော်များ၊ ရွှေ့ပြောင်းလုပ်သား |
| ၄ | အမျိုး/သမီး ပိုင်ဆိုင် မှု ပြဇယား (Acesses and Control) | ၃.၁.၂၀၁၄ | ကျေးရွာလူထု | ၃၆ | ၃၇ | ၇၃ | အမျိုးသား/သမီး တို့၏ အရင်းအမြစ်အပေါ် မည်သူ ကပို၍ အသုံးပြုနေကြသည်ကို ဖော်ထုတ်ခြင်း၊ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) | ၃.၁.၂၀၁၄ | ကျေးရွာလူထု | ၄၅ | ၃၃ | ၇၈ | ကျေးရွာတွင်းအဖွဲ့အစည်းမ ျားကျေးရွာ ဖွံ့ဖြိုးရေး အတွက်မည်သည့် အဖွဲ့ များချိတ်ဆက်လုပ် ကိုင်မှု |
| ၆ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၃.၁.၂၀၁၄ | ကျေးရွာလူထု | ၃၆ | ၃၇ | ၇၃ | အမျိုးသားနှင့်အမျိုးသမီး များ တန်းတူအခွင့်အရေး ရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၇။ | အခက်အခဲများအ ားဖော်ထုတ် ခြင်း အမျိုးသား | ၄.၁.၂၀၁၄ | ကျေးရွာလူထု | ၇၈ | --- | ၇၈ | ဆွေးနွေးထားသောအခက် အခဲလုပ်ငန်းစဉ်မျာ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈။ | အခက်အခဲများ အားဖော်ထုတ်ခြင်း အမျိုးသမီး | ၄.၁.၂၀၁၅ | ကျေးရွာ လူထု | ၀ | ၈၂ | ၈၂ | ဆွေးနွေးထားသောအခက်အခဲလုပ်ငန်းစဉ်များ |
| ၉။ | ကျေးရွာ၏အနာဂတ်(၅)နှစ်စာမျှော်မှန်းချက် အမျိုးသား | ၄.၁.၂၀၁၅ | ကျေးရွာ လူထု | ၇၈ | ၀ | ၇၈ | ဆွေးနွေးခဲ့သောအခက်အခဲလုပ်ငန်းစဉ်များ အပေါ်အခြေခံ၍ အခြေခံအဆောက်အဦး၊ အသက်မွေးဂမ်းကြောင်းဆိုင်ရာများ |
| ၁၀။ | ကျေးရွာ၏အနာဂတ်(၅)နှစ်စာမျှော်မှန်းချက် အမျိုးသမီး | ၄.၁.၂၀၁၅ | ကျေးရွာ လူထု | ၀ | ၈၂ | ၈၂ | ဆွေးနွေးထားသောအခက်အခဲလုပ်ငန်းစဉ်များအပေါ်အခြေခံ၍ အခြေခံအဆောက်အဦး၊ အသက်မွေးဂမ်းကြောင်းဆိုင်ရာများ |
| ၁၁။ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များရေးဆွဲခြင်း | ၄.၁.၂၀၁၅ | ကျေးရွာ လူထု | ၇၈ | ၈၂ | ၁၆၀ | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်နှင့်အဓိကလိုအပ်ချက်များပေါ်မူတည်၍ဆုံးဖြတ်သည်။ |
| ၁၂။ | ကော်မတီများဖွဲ့စည်းခြင်း | ၄.၁.၂၀၁၅ | ကျေးရွာ လူထု | ၇၈ | ၈၂ | ၁၆၀ | ကော်မတီဝင်များရွေးခြင်း၊ ဖွဲ့စည်းခြင်း၊တာဝန်များခွဲဝေခြင်း |

**၆။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်**

**က။ လူမှုရေးအခြေပြု သယံဇာတ အရင်းအမြစ်ပြမြေပုံ (social map/ Resource map)**

**ခ။ ချမ်းသာမှုအဆင့် ခွဲခြားခြင်း ( Wealth Ranking )**

**ဂ။ ကျား / မ ကဏ္ဍ (၁)၊ ပိုင်ဆိုင်မှုကို ခွဲခြမ်းစိတ်ဖြာခြင်း (Acesses and Control)**

**ဃ။ ကျား / မ ကဏ္ဍ (၂)၊ ဆိုင်ရာ ကွန်ယက်ချတ်ဆက်မှု (Spider Web)**

**င။ ရာသီခွင် ပြက္ခဒိန် (seasonal calendar)**

**စ။ ဗင်းပုံစံ အသုံးပြု၍ အဖွဲ့အစည်းနှင့် ချိတ်ဆက်မှုများအား လေ့လာခြင်း (Venn Diagram)**

`

## ၆ ( က ) လူမှုရေးအခြေပြု သယံဇာတ အရင်းအမြစ်ပြမြေပုံ (social map/ Resource map)



## လူမှုရေးအခြေပြု သယံဇာတ အရင်းအမြစ်ပြမြေပုံ ဆွေးနွေးသုံးသပ်ခြင်း

မြေပဲစိုက်ပျိုးခြင်းဖြင့် အဓိက အသက်မွေးဝမ်းကြောင်းပြုကြပြီး၊ စားတော်ပဲ၊ ပဲမာ(မတ်ပဲ)၊ နွေပဲတီ၊ ပဲငပိနှင့် ပဲပိစပ်များ စိုက်ပျိုးကြပါသည်။ မြေအမျိုးအစားမှာ သုံးမျိုး ရှိပြီး ( သဲမြေ၊ နုန်းမြေနှင့် သဲမွှေန) တို့ဖြစ်ပြီး၊ သဲမွှေနမှာ မြေကောင်းအမျိုးအစား ဖြစ်သောကြောင့် မည်သည့်သီးနှံမဆို စိုက်ပျိုး အောင်မြင်လျက်ရှိပြီး၊သဲမြေနှင့်နုန်းမြေမှာ သဲမွှေနမြေကဲ့သို့ကောင်းမွန်မှုမရှိသော်လည်း ကျီးတော ဟုခေါ်သော ရေမဝင်အရပ်မှ မြေများနှင့် နှိုင်းယှဉ်ပါက မြေကောင်းအမျိုးအစား တွင်ပါဝင်ပါသည်။ သီးနှံများစိုက်ပျိုးရာတွင် ပိုးမွှားကျရောက်ပါက စိုက်ပျိုးရေးဆေးဆိုင်မှ ပြောကြားသည့်အတိုင်း အသုံးပြုသဖြင့် တစ်ခါတစ်ရံတွင် ပိုးမွှားများနှိမ်နင်းနိုင်မှုမရှိပါ ထပ်မံဝယ်ယူ အသုံးပြုရမှုများရှိနေသဖြင့် စိုက်ပျိုးရေး နည်းစနစ်နှင့်ပတ်သက်ပြီးနည်းပညာများ ရရှိပါက အဆင်ပြေမည်ဖြစ်ပါသည်။ ရေအရင်း အမြစ် ပေါ်ကြွယ်ဝသော်လည်း နှစ်စဉ်ရေနစ်မြုပ်သဖြင့် သီးနှံများပျက်စီး ဆုံးရှုံးခြင်း၊ ရွာချင်းဆက်လမ်း များမှာ ရေပြန်ကျချိန်တွင် ရွှံ့ညွှံများရှိသဖြင့် သွားလာရေးခက်ခဲကာ ရွာခြင်းဆက်လမ်းများ ဆောင်ရွက်ရန်လိုအပ်ပါသည်။ကျေးရွာ၏အနောက်ဘက်တွင် ရွှေဘုံသာနှင့်ကျေးရွာခြင်းဆက် တံတားတစ်ခုရှိပြီး ၎င်းတံတားမှသွားလျှင် ရွှေဘုံသာမှတစ်ဆင့် မြောင်မြို့သို့ ဆက်သွယ်သွားလာ နိုင်ပါသည်။၎င်းတံတားမှာ သစ်သားတံတားဖြင့်ပြီး တည်ဆောက်ထားရှိမှုမှာ နိမ့်ပြီး ရေစတင်ဝင်ရောက်ချိန်တွင် နစ်မြုပ်မှုရှိသဖြင့် တံတားကိုမြှင့်၍ အသစ်တည်ဆောက်နိုင်ပါက

သွားလာရေးအဆင်ပြေမည်ဖြစ်ပါသည်။ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး ကျောင်းခြံစည်းရိုးမှာ ပျက်စီးနေသဖြင့် ကျောင်းခြံစည်းရိုးပြုပြင်ဆောင်ရွက်လိုပါသည်။ကျေးရွာ၏အနောက်ဘက် ပေ(၃၀၀) ခန့်တွင် လျှပ်စစ်ဦးစီးဌာနမှ ပင်မဓာတ်အားလိုင်းတည်ဆောက်လျှက်ရှိပြီး ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်လိုပါသည်။ ပြေလည်သူများနှင့် မပြေလည်သူများ ရောနှော နေထိုင်ကြပြီး၊ မပြေ လည်သူ အများစုမှာ ရွာဘေးပတ်လည်တွင်သာ နေထိုင်ကြပါသည်။ ဗုဒ္ဓဘာသာ ကိုသာ ကိုးကွယ် ကြပါသည်။


**ကျေးရွာတိုးတက်ရန် အဓိက လိုအပ်သော အခက်အခဲမှာ**

လျှပ်စစ်မီး ရရှိရန် ( တွင်၊ သံဂဟေ ဝင်ငွေတိုးလုပ်ငန်းများ )

ကျေးရွာ အဝင်( ရွာအနောက်) မှ တံတား ရာသီမရွေးသွားလာနိုင်ရန်

ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ ကောင်းမွန်ရန် လိုအပ်လျက် ရှိပါသည်။

## ၆. (ခ)။ ချမ်းသာမှုအဆင့် ခွဲခြားခြင်း ( Wealth Ranking )



## ချမ်းသာမှုအဆင့် ခွဲခြားခြင်း ဆွေးနွေးသုံးသပ်ခြင်း

ကျေးရွာတွင် အလွန်နွမ်းပါးဆုံးအိမ်ထောင်စုမှာ ၁၆နှင့် နွမ်းပါးအိမ်ထောင်စုမှာ ၃၄ စုခန့်ရှိသည်။ အလုပ်အကိုင်မရှိခြင်း၊ နေ့စား ကျဘမ်း လုပ်ငန်းများသာ လုပ်ကိုင်ရခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းများကြောင့် ဖြစ်သည်။

အလယ်အလတ် အိမ်ထောင်စုမှာ ၁၇၃ ထိရှိပြီး၊ ချမ်းသာသော အိမ်ထောင်စုမှာ ၉၇ စုခန့်ရှိပါသည်။ မိဘလက်ငုတ် တောင်သူလုပ်ငန်းများ အဓိကထားခြင်း၊ အခြား ဝင်ငွေအခွင့် အလမ်းနည်းပါးခြင်းများကြောင့် အလယ်အလတ်မိသားစုများ များပြားလျက်ရှိပါသည်။

ထို့ကြောင့် စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ရာတွင် နွမ်းပါးသူများ ပါဝင်စေခြင်း၊ ၄င်းတို့ တင်ပြသော အကြံဉာဏ်များ ရယူကာ စီမံကိန်းတွင်ပါဝင်စေခြင်း၊ အကောင်အထည်ဖော်ရာတွင်လည်း နွမ်းပါးသူများကို အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေခြင်းဖြင့် နွမ်းပါးမှုများ လျော့ချလာနိုင်မည်ဖြစ်ပါသည်။

## ၆. (ဂ)။ ကျား / မ ကဏ္ဍ (၁)၊ ပိုင်ဆိုင်မှုကို ခွဲခြမ်းစိတ်ဖြာခြင်း




**ကျား / မ ကဏ္ဍ (၁)၊ ပိုင်ဆိုင်မှုကို ခွဲခြမ်းစိတ်ဖြာခြင်း ဆွေးနွေးသုံးသပ်ခြင်း**

အမျိုးသမီးများမှာ ပိုင်ဆိုင်မှုများတွင် အချိုးညီစွာ ရှိခဲ့သော်လည်း အမျိုးသမီးများကိုယ်တိုင် ဦးဆောင်မှုနှင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်တို့တွင် အားနည်းလျက်ရှိပါသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စဖြင့် အချိန်ကုန်ခြင်း မိသားစုကိုသာ ဦးစားပေးကြရသူများဖြစ်သဖြင့် ဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်ခြင်း အားနည်းပြီး ပြင်ပကိစ္စများတွင် ဆုံးဖြတ်ပိုင်ခွင့်များတွင် မပြောရဲမဆိုရဲ ဖြစ်နေတတ်ပါသည်။

ကျေးရွာတွင် အမျိုးသမီးများအား ဝင်ငွေရလုပ်ငန်းများ ဖန်တီးပေးခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်စေခြင်းဖြင့် အမျိုးသမီးများအား လက်တွဲခေါ်ယူနိုင်မည်ဖြစ်သည်။

**၆. (ဃ)။ ကျား / မ ကဏ္ဍ (၂)၊ ဆိုင်ရာ ကွန်ယက်ချတ်ဆက်မှု**



**ကျား / မ ကဏ္ဍ (၂)၊ ဆိုင်ရာ ကွန်ယက်ချိတ်ဆက်မှု ဆွေးနွေးသုံးသပ်ခြင်း**

ပညာရေး၊ ဝင်ငွေသုံးစွဲမှုနှင့် အလုပ်အကိုင်အခွင့် အလမ်းများ၊ အဖွဲ့အစည်းများတွင် ပါဝင်ခွင့်များတွင် တန်းတူအနေအထားရှိနေပါသည်။ တောသူတောင်သားဖြင့်သဖြင့် တူညီနေပြီး၊ အသက်မွေးဝမ်းကြောင်းတူညီခြင်းများ ကြောင့်လည်းဖြစ်ပါသည်။

အိမ်မှုကိစ္စတွင် အမျိုးသမီးများမှာသာ ဦးဆောင်လျက်ရှိခြင်း၊ ဘာသာရေးတွင် အနည်းငယ်သာကွာခြားပြီး ဆုံးဖြတ်ချက်ချပိုင်ခွင့်တွင် အမျိုးသမီးများမှာ အားနည်းလျက်ရှိပါသည်။ ကျန်းမာရေးအခန်းကဏ္ဍတွင်လည်း အမျိုးသမီးများမှာ အားသာလျက်ရှိသည်။

ထို့ကြောင့် ဝင်ငွေမရသော လုပ်ငန်းများတွင် အမျိုးသမီးများသာ ဦးဆောင်နေပြီး အမျိုးသားများနောက်တွင် ရောက်ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် အမျိုးသားမှ အမျိုးသမီးများအား ကူညီခြင်းအားဖြင့်လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်းဖြင့်လည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးရေးများတွင် ပါဝင်စေခြင်းဖြင့် အမျိုးသမီးများအား နေရာပေးလက်တွဲခေါ်ယူသင့်ပေသည်။

## ၆. (င)။ ရာသီခွင် ပြက္ခဒိန်



## ရာသီခွင် ပြက္ခဒိန် ဆွေးနွေးသုံးသပ်ခြင်း

မယ်မသော်ကျေးရွာ၏ ရာသီဥတုမှာ ပုံမှန်လည်ပတ်လျက်ရှိပါသည်။ မယ်မသော်ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ပြီး ပဲအမျိုးမျိုး( ပဲမာ(မတ်ပဲ)၊ စားတော်ပဲ၊ မြေပဲ၊ ပဲပိစပ်နှင့် ပဲငပိ)များကို စိုက်ပျိုးကြပါသည်။ ရာသီဥတုပျက်ခြင်းကြောင့် သီးနှံများပိုးကျကြပြီး၊ နည်းပညာမသိသဖြင့် အဆင်ပြေရာ ပိုးသတ်ဆေးများ သုံးခြင်းဖြင့် ဝင်ငွေထက် ထွက်ငွေများပြားလျက် ရှိပြီး ကျွဲ၊ နွားများအတွက်လည်း အစာရေစာများ ရှားပါးလာပြီး ဆိုးကျိုးများ ဖြစ်လျက်ရှိပါသည်။ ရေဝင်ချိန်တွင် ဝင်ငွေမရှိပဲ ထွက်ငွေသာရှိပြီး ကျန်လများတွင် အဆင်ပြေမှုရှိပါသည်။ ကျန်းမာရေးမှာ ရာသီဖျားသာရှိပြီး ဆေးပေးခန်းရှိသောကြောင့် အဆင်ပြေပြီး ပွဲတော်များမှာ ဗုဒ္ဓဘာသာဖြစ်သဖြင့် ဆယ့်နှစ်လရာသီပွဲများရှိပြီး တန်ခူးလသင်္ကြန်ပွဲမှာ စည်းကားလှပါသည်။ လုပ်ငန်းအားလပ်ချိန်မှာ ရေဝင်အရပ်ဖြစ်သဖြင့် ရေမဝင်ချိန်တွင်သာ ကြိုးစားလုပ်ဆောင်ကြရသဖြင့် အားလပ်ချိန်နည်ပါးပါသည်။ သဘာဝဘေးတွင် ရေတိုး၊ မိုးရွာနှင့် လေတိုက်ခြင်းစသော သဘာဝဘေးများ ဖြစ်ပေါ်လျက်ရှိသော်လည်း နှစ်စဉ်ကြုံတွေ့ရလျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ ရေတိုးမိုးရွာချိန်များ တွင် သွာလာရခက်ခဲပြီး ရွှံ့နွံများဖြင့် သွာလာရေး အလွန်ခက်ခဲလှပါသည်။

ထို့ကြောင့် မယ်မသော်ကျေးရွာသည် မိုးရာသီတွင် သွားလာရေးလွယ်ကူစေရန် လမ်းပန်းဆက်သွယ်ရေးများ ပြုပြင်ပေးခြင်း၊ လုပ်ငန်းမရှိချိန်၊ ရေဝင်ချိန်များတွင် အားလပ်ချိန်များတွင် ဝင်ငွေအခွင့်အလမ်းများ ရှာဖွေလုပ်ဆောင်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်နိုင်ပါသည်။

## ၆. (စ)။ ဗင်းပုံစံ အသုံးပြု၍ အဖွဲ့အစည်းနှင့် ချိတ်ဆက်မှုများအား လေ့လာခြင်း



**ဗင်းပုံစံ အသုံးပြု၍ အဖွဲ့အစည်းနှင့် ချိတ်ဆက်မှုများအား လေ့လာခြင်း ဆွေးနွေးသုံးသပ်ခြင်း**

ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ရွာတွင်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အဓိက ဦးဆောင်လျက်ရှိသည်။ အဖွဲ့အစည်းများတွင် လူငယ်များဖြင့် အဓိကဖော်ဆောင်နေသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်ဖွယ်ဖြစ်ပါသည်။ ထို့ပြင် ပြင်ပအဖွဲ့အစည်းများမှလည်း ထောက်ပံ့မှုများ ရှိရာ ကျေးရွာအတွက် ဖွံ့ဖြိုးရေးလင်းရောင်ခြည်များ ယှက်သန်းလျက်ရှိပါသည်။

ကျေးရွာအဖွဲ့အစည်းများ ချိတ်ဆက်လုပ်ဆောင်ခြင်းဖြင့် လူငယ်များ စည်းလုံးညီညွတ်လာခြင်း၊ အရေးပေါ်အခြေအနေများတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များဖြင့် ပူးပေါင်းလုပ်ဆောင်နိုင်မှုများ မြင့်မားလာနိုင်စေပါသည်။

## ♠♠ မယ်မသော်ကျေးရွာ အမျိုးသား / အမျိုးသမီးများ၏ အခက်အခဲ ပြဿနာများ ♠♠

### ♣ အမျိုးသားများ တင်ပြသော အခက်အခဲပြဿနာများ ♣

၁။ လျှပ်စစ်မီး အခက်အခဲ ( ပညာရေး၊ စီးပွားရေး နှောင့်နှေး )

၂။ လမ်းပန်းဆက်သွယ်ရေး အခက်အခဲ ( ရေကျချိန်၊ မိုးရွာချိန်တွင် ရွှံ့နွံများဖြင့် သွားလာရခက်ခဲ )

၃။ ပညာရေး အခက်အခဲ ( လုံခြုံမှု မရှိခြင်း၊ အန္တရာယ်ဆောင် ရှိနေခြင်း )

၄။ ကျန်းမာရေး အခက်အခဲ ( ကျန်းမာရေး စောင့်ရှောက်မှု နည်းပါးခြင်း )

### ♥ အမျိုးသမီးများ တင်ပြသော အခက်အခဲ ပြဿနာများ ♥

၁။ မီးမရှိသောကြောင့် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အခက်အခဲ

၂။ လမ်းမကောင်းသောကြောင့် သွားလာရေးခက်ခဲခြင်း

၃။ ရေကြီးခြင်းကြောင့် တံတားများ နိမ့်ပြီး သွားလာရေးခက်ခဲခြင်း

၄။ ကျောင်းခြံစည်းရိုးမရှိသောကြောင့် ကလေးသူငယ်များ လုံခြုံမှုမရှိခြင်း

၅။ ကျေးရွာစာကြည့်တိုက် မရှိသည့်အတွက် အသိပညာ၊ ဗဟုသုတများ မရှာမှီးနိုင်ခြင်း

**♦♦ မယ်မသော်ကျေးရွာ အမျိုးသား / အမျိုးသမီးများ တင်ပြသော မျှော်မှန်းချက်များ ♦♦**

**♠ အမျိုးသားများ တင်ပြသော မျှော်မှန်းချက်များ ♠**

၁။ ၂၄ နာရီ မီးလင်းစေရန်

၂။ ရာသီမရွေးသွားလာရေး အဆင်ပြေစေချင်

၃။ ကလေးများ လုံခြုံစိတ်ချစွာ ပညာသင်ကြားစေချင်

၄။ ကျန်းမာရေးအတွက် စိတ်ချရသော ကျေးရွာဖြစ်ချင်

**♥ အမျိုးသမီးများ တင်ပြသော မျှော်မှန်းချက်များ ♥**

၁။ လျှပ်စစ်မီးရရှိပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးစေချင်

၂။ ရွာလမ်းများ ကောင်းမွန်စွာ သွားလာနိုင်စေချင်

၃။ တံတားများ အဆင့်မြှင့်ပြီး ရေကြီးချိန် သွားလာရေး အဆင်ပြေစေချင်

၄။ ကျောင်းခြံစည်းရိုး လုံခြုံမှု ရှိစေချင်

၅။ စာကြည့်တိုက်မှာ ရွာသူ ရွာသားများ ဗဟုသုတ ရှာဖွေနိုင်စေချင်

## ♣♣ မယ်မသော်ကျေးရွာ အမျိုးသား / အမျိုးသမီးများ တင်ပြသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ♣♣

### ♠ အမျိုးသားများ တင်ပြသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ♠

၁။ လျှပ်စစ်မီး

၂။ ရွာတွင်းလမ်း

၃။ တံတား

၄။ ရွာချင်းဆက်လမ်း

၅။ စာသင်ကျောင်း အဆောက်အဦးနှင့် ခြံစည်းရိုး

၆။ ကျန်းမာရေး ဆေးပေးခန်း တိုးချဲ့ရန်

၇။ စိုက်ပျိုးရေး နည်းပညာ

### ♥ အမျိုးသမီးများ တင်ပြသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ♥

၁။ လျှပ်စစ်မီးလင်းရေး

၂။ လမ်းခင်းခြင်း

၃။ တံတား အဆင့်မြှင့်တင်ခြင်း

၄။ ကျောင်းခြံစည်းရိုး

၅။ စာကြည့်တိုက်

၆။ စိုက်ပျိုးရေး နည်းပညာ

**♠ မယ်မသော်ကျေးရွာ အမျိုးသား/အမျိုးသမီးများ တင်ပြသောဦးစားပေး ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ♠**

၁။ လျှပ်စစ်မီး

၂။ တံတား

၃။ စာသင်ကျောင်းကျောင်းပြုပြင်

၄။ ရွာတွင်းလမ်း

၅။ ကျေးလက်ဆေးပေးခန်း

၆။ ရွာချင်းဆက်လမ်း

၇။ စာကြည့်တိုက်

၈။ စိုက်ပျိုးရေးနည်းပညာ

**ချောင်းဇင်းကျေးရွာမျှော်မှန်းချက် ဆွေးနွေးခန်းမှ ရရှိလာသောရလဒ်**

| | |
|---|---|
| **ကျေးရွာ၏ မျှော်မှန်းချက်** | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းကာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများ တိုးတက်ကောင်းမွန်လာရမည်။ လျှပ်စစ်မီးရရှိပြီး အချိန်မရွေးသွားလာနိုင်ကာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်းမှု အသက် မွေးဝမ်းကျောင်း နည်းပညာများကို အချိန်နှင့်တပြေးညီ သိရှိနိုင်လာမည်။ |
| **အနာဂတ်တွင် ကျေးရွာ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ကျေးရွာသားများ၏ မျှော် မှန်းထားရှိမှု** | လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေကို အသုံးပြုပြီး သဘာဝဘေး၊ ပညာရေး၊ ရွာတွင်းလမ်းများ ကောင်းမွန်လာစေရန်နှင့် လျှပ်စစ်မီးများ ရရှိလာလျှင် စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်သည်။ကျေးရွာတွင်းရှိ လူငယ်များလမ်းမှား မရောက်စေရန် အတွက် ကျေးရွာစာကြည့်တိုက်တစ်ခု ရှိချင်ပါသည်။ အကောင်ထည် မဖော်နိုင်သောလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနဲ့ချိတ်ဆက်လုပ်ကိုင်မှုများ ပြုလုပ်မည်။ မြို့နယ်အတွင်းသို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဝင်ရောက်မှုများရှိပါက ကျေးရွာ လိုအပ်ချက်များကို တင်ပြ၍ အကူအညီတောင်းခံမှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။ |

၇။ မယ်မသော်ကျေးရွာမှ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ














# ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဖွဲ့စည်းပုံ နှင့် ကော်မတီဝင်များ




## ကျေးရွာ စီ/ထောက် ဥက္ကဌ နှင့် အဖွဲ့ဝင် (မယ်မသော်အုပ်စု၊ မယ်မသော်ကျေးရွာ)

| စဉ် | အမည် | အသက် | ရာထူး/တာဝန် | ပညာအရည်အချင်း | ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁။ | ဦးထွန်းလွင်ဦး | ၄၇ နှစ် | ကျေးရွာစီ/ထောက်ဥက္ကဌ | ၄ တန်း | **09796417758** |
| ၂။ | ဒေါ်ငွေဝေ | ၅၃ နှစ် | ကျေးရွာစီ/ထောက်ဥက္ကဌ | ၄ တန်း | **09440795275** |
| ၃။ | ဦးကြည်ရွှေ | ၅၅ နှစ် | အဖွဲ့ဝင် | ၇ တန်း | **09781087181** |
| ၄။ | ဦးစိုးမင်းသူ | ၃၀ နှစ် | ကျေးရွာစာရင်းကိုင် | BSc-Chem | **09797229361** |
| ၅။ | ဦးဇော်ဝင်း | ၃၄ နှစ် | ဝေဖန်၊ အကြံပြု၊ တိုင်ကြား | BA (Eco) | **09963117444** |
| ၆။ | ဒေါ်လှမြေ | ၅၄ နှစ် | ဝေဖန်၊ အကြံပြု၊ တိုင်ကြား | ၇ တန်း | --- |
| ၇။ | ဦးသောင်းဟန် | ၂၈ နှစ် | ဝယ်ယူရေးဆပ်ကော်မတီ | ၄ တန်း | **09971558925** |
| ၈။ | ဒေါ်ညွန့်ညွန့်စိန် | ၂၇ နှစ် | ဝယ်ယူရေးဆပ်ကော်မတီ | ၇ တန်း | **---** |
| ၉။ | ဒေါ်ချိုချိုသင်း | ၂၉ နှစ် | ဝယ်ယူရေးဆပ်ကော်မတီ | ၇ တန်း | **09963521795** |
| ၁၀။ | ဦးကြည်သောင်း | ၆၂ နှစ် | စောင့်ကြည့်၊ ကြီးကြပ်ရေး | ၉ တန်း | **09977979491** |
| ၁၁။ | ဒေါ်ငွေးကြည် | ၄၅ နှစ် | စောင့်ကြည့်၊ ကြီးကြပ်ရေး | ၆ တန်း | **09971558925** |
| ၁၂။ | ဒေါ်ကြီး | ၄၄ နှစ် | စောင့်ကြည့်၊ ကြီးကြပ်ရေး | ၄ တန်း | **09-797233824** |
| ၁၃။ | ဦးသိန်းနိုင်ဦး | ၅၇ နှစ် | လည်ပတ်၊ ပြုပြင်/ထိန်းသိမ်း | ၄ တန်း | **09977337411** |
| ၁၄။ | ဒေါ်သန်းနွဲ့ငွေး | ၃၅ နှစ် | လည်ပတ်၊ ပြုပြင်/ထိန်းသိမ်း | ၄ တန်း | **09974452111** |
| ၁၅။ | ဒေါ်စန်းစန်းဝင်း | ၄၈ နှစ် | လည်ပတ်၊ ပြုပြင်/ထိန်းသိမ်း | ၄ တန်း | **09977329225** |
| ၁၆။ | ဒေါ်ကျော့ကျော့နိုင် | ၂၅ နှစ် | စေတနာ့ဝန်ထမ်း | BA (Mya) | **09789704152** |
| ၁၇။ | ဦးထွန်းနိုင်ဦး | ၄၀ နှစ် | စေတနာ့ဝန်ထမ်း | BA (Geo) | **09976200754** |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် အမည်-ဦး:စိုး နိုင် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉-၇၈၇၆၃၂၄၀၀ | လူထုစည်းရုံးရေးမှူး၏ အမည် - ဦး: ဇင် မင်း ထွန်း |
| ပြည်နယ်၊တိုင်းဒေသကြီး-ပဲခူး မြို့နယ် -ပြောင်း | ကျေးရွာအုပ်စု-မယ်မသော် | ကျေးရွာ-မယ် မသော် |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ဗမာ--- | ၂၄၅ | ဘာသာ (၁) -ဗုဒ္ဓ----- | ၂၄၅ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| | | | |
| လူမျိုးစုရေ ------------ | | ဘာသာရေ ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁၈ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၇၉ | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)-ဗမာ--- | ၇၄၉ | ၇၆၃ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၀၃ | ၄၂ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☑ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုန်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလု | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား [illegible]

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၅ မိနစ်------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -စက်ဘီး-----

မိုးရာသီတွင်ကြာချိန်---၁၀ မိနစ်----------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -[illegible]----------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---၂၀၁၃-၂၀၁၆---

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---Spact Myanmar---

(၂) ----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

| | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးစိုးနိုင် | | |
| | လက်မှတ် | နေ့စွဲ | ၁၅.၁၂.၂၀၁၆ |
| လူထုစည်းရုံးရေးမှူး | အမည် ဦးခင်မင်းထွန်း | | |
| | လက်မှတ် [signature] | နေ့စွဲ | ၁၅.၁၂.၂၀၁၆ |

## ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးရင်မင်းထွန်း | | | |
| နေ့စွဲ - ၃.၁.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း - စစ်ကိုင်း | မြို့နယ် - ရေဦး | ကျေးရွာအုပ်စု - မယ်ဒေါ် | ကျေးရွာ - မယ်ဒေါ် |

ΜΜ ၁၄၅

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၃.၁.၂၀၁၇ | ၃.၁.၁၇ | ၈၁ | ၇၀ | ၁၃၉ | ၁၅၁ \| မမ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၄.၁.၁၇ | ၄.၁.၁၇ | ၇၈ | ၈၂ | ၁၆၃ | ၁၆၀ \| ״ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၄.၁.၁၇ | ၄.၁.၁၇ | ၁၀ | ၁၁ | ၂၀ | ၂၁ \| ״ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၃.၁.၁၇ | ၃.၁.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၅.၁.၁၇ | ၂၅.၁.၁၇ | ၅၅ | ၇၅ | ၁၃၀ | ၁၃၀ \| ״ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေး ရေးအစီအစဉ် ရေးဆွဲခြင်း | ၂၇.၂.၁၇ | ၂၇.၂.၁၇ | ၆၆ | ၆၉ | ၁၃၂ | ၁၃၅ \| ״ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၇.၂.၁၇ | ၂၇.၂.၁၇ | ၆၆ | ၆၉ | ၁၃၂ | ၁၃၅ | [illegible] |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၇.၂.၁၇ | ၂၇.၂.၁၇ | ၆၆ | ၆၉ | ၁၃၂ | ၁၃၅ | 〃 |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂၇.၂.၁၇ | ၂၇.၂.၁၇ | ၆၆ | ၆၉ | ၁၃၂ | ၁၃၅ | 〃 |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | 〃 |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | 〃 |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | 〃 |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | 〃 |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | 〃 |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးခင်မင်းထွန်း | | | |
| နေ့စွဲ - ၄.၁၀.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) √ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း - စစ်ကိုင်း | မြို့နယ် - ကြော် | ကျေးရွာအုပ်စု - မယ်ပါဖော် | ကျေးရွာ - မယ်ပါဖော် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လျှပ်စစ်မီးအခက်အခဲ | ၁ | လျှပ်စစ်မီးအခက်အခဲ |
| ၂ | လမ်းပန်းဆက်သွယ်ရေးအခက်အခဲ | ၂ | ကျန်းမာရေးအခက်အခဲ |
| ၃ | ပညာရေးအခက်အခဲ | ၃ | တံတားမရှိ၍ အခက်အခဲ |
| ၄ | ကျန်းမာရေးအခက်အခဲ | ၄ | စာသင်ကျောင်း စည်းရိုး အခက်အခဲ |
| ၅ | | ၅ | ရွာတွင်းလမ်းမကောင်း အခက်အခဲ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ၂၄ နာရီ မီးလင်းချင် | ၁ | လျှပ်စစ်မီးရသောရွာဖြစ်ချင် |
| ၂ | ရာသီမရွေးသွားလာနိုင်ရန် | ၂ | အချိန်မရွေးသွားလာနိုင်သောရွာဖြစ်ချင် |
| ၃ | ကလေးများ ပညာသင်ကြားနိုင်ရန် | ၃ | တံတားကြီး လှလှပပ ရှိချင် |
| ၄ | ကျန်းမာရေး စိတ်ချရသောရွာဖြစ်ချင် | ၄ | ကျောင်းဝင်းခြံစည်းရိုး ကာရံထားဖြစ်ချင် |
| ၅ | | ၅ | စာကြည့်တိုက်ရှိချင် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | လျှပ်စစ်မီးလင်းရေး | အမျိုးသား+အမျိုးသမီး | ၁၆၀၀၀၀၀၀ | ၁၇၃ဦး |
| ၂ | တံတား | ״ ״ | | |
| ၃ | ကျောင်းပြုပြင် (ခြံစည်းရိုး) | ״ ״ | | |
| ၄ | ရွာတွင်းလမ်း | ״ ״ | | |
| ၅ | ဆေးပေးခန်း | ״ ״ | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး၊ နှမ်း၊ ပဲ [illegible] | အမျိုးသား / အမျိုးသမီး | [illegible] |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးထွန်းလွင်ဦး-------- လက်မှတ် [signature] --------------------- နေ့စွဲ ၄-၁-၂၀၁၇

ဒေါ်မြွေးစေ

## ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်၊* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ဦးဝင်းမင်းထွန်း | |
| နေ့စွဲ - ၄ . ၁ . ၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း - စစ်ကိုင်း / မြို့နယ် - ရွှေဘို | ကျေးရွာအုပ်စု - မဟာမဲဘော် |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| မဟာမဲဘော် | ကျောင်းဆောင်ဆောက် | ၈၀'x၃၀' | ၁၇၃(အိမ်) | ☐ ကျား ☐ မ ☑ ကျား+မ | ၁၆၀၀၀၀၀၀ | | | | ၁၆၀၀၀၀၀၀ |
| စဉ်ဦး | လမ်း (wheel Track) လမ်းဖောက်ခြင်း | ၁၈၀၀'x၃'x၀-၆" | ၄၂၇ | ☐ ကျား ☐ မ ☑ ကျား+မ | ၁၃၅၀၀၀၀၀ | | | | ၁၃၅၀၀၀၀၀ |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ ၄ . ၁ . ၂၀၁၇,

ဒေါ်သီတာဝေ၊ ဝေ

ဦးထွန်းဦး [signature]

## ၁၂။ အစည်းအဝေးမှတ်တမ်းများ

**လူထုဗဟိုပြုစီမံကိန်း ( National Community Driven Development Project )**

**မြောင်မြို့နယ်**

**ပထမအကြိမ် အစည်းအဝေးမှတ်တမ်း**

| | |
|---|---|
| **အုပ်စု း** မယ်မသော် | **ကျေးရွာ း** မယ်မသော် |
| **နေရာ း** ချမ်းသာကြီးဘုရား အာရုံခံ | **ရက်စွဲ း** ၃. ၁. ၂၀၁၇ |
| **အချိန် း** ၁၂ း ၀၀ မှ ၀၃ း ၃၀ ထိ | **တက်ရောက်သူ း ကျား ၊** ၈၁ **/ မ** ၇၀ |

ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက်ဝန်ထမ်းများမှ မိတ်ဆက်စ ကား ပြောကြားခဲ့ပါသည်။ လူထုစည်းရုံးရေးမှူးမှ အစည်းအဝေးရည်ရွယ်ချက်များ ရှင်းပြဆွေးနွေးခဲ့ပါသည်။ ထို့နောက် စီမံကိန်းမိတ်ဆက် ၁၅ ချက်အား ကျေးရွာလူထုပိုမို နားလည်စေရန် ရှင်းပြဆွေးနွေးခဲ့ပါသည်။

လူထုစည်းရုံးရေးမှူးမှ စီမံကိန်းနှင့် သက်ဆိုင်သူများ ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းပြပြီး တာဝန်နှင့် ဝတ္တရားများကို ရှင်းပြဆွေးနွေးပြီး စေတနာ့ဝန်ထမ်း ရွေးချယ်ရန်ဆွေးနွေးရာ စေတနာ့ဝန်ထမ်း အမျိုးသမီးမှာ ခရီးလွန်နေသဖြင့် စောင့်ဆိုင်းရန် ကျေးရွာလူထုမှ သဘောတူသဖြင့် ဒုတိယနေ့မှ ရွေးချယ်ရန် သဘောတူခဲ့ပါ သည်။ ထို့နောက် လူထုပူးပေါင်းဆန်းစစ်မှု ရည်ရွယ်ချက်များကို ရှင်းပြပြီး တက်ရောလူသူများကို အုပ်စုနစ်စုခွဲ ကာ လူထုပူးပေါင်းဆန်းစစ်မှုများ ပြုလုပ်ခဲ့ကြပါသည်။

ထို့နောက် အနစ်ချုပ်အနေဖြင့် ပြီးစီးခဲ့သော လူမှုဆန်းစစ်ချက်များနှင့် သုံးသပ်ချက်များကို အားလုံးစု ပေါင်းကာ ပြန်လည်ရှင်းပြ ဆွေးနွေးခဲ့ပါသည်။ ထို့နောက် နောက်နေ့ ၁၂ နာရီတွင် ဒုတိယအကြိမ်အစည်းအဝေး ထပ်မံပြုလုပ်ရန် သဘောတူဆုံးဖြတ်ကာ အစည်းအဝေးကို ပိတ်သိမ်းခဲ့ကြပါသည်။

| | |
|---|---|
| **မှတ်တမ်းပြုစုသူ** | **အတည်ပြုသူ** |
| **ဦးထွန်းနိုင်ဦး** | **ဦးထွန်းလွင်ဦး** |
| **စေတနာ့ဝန်ထမ်း** | **စီထောက်ဉက္ကဌ** |

**လူထုဗဟိုပြုစီမံကိန်း ( National Community Driven Development Project )**

**မြောင်မြို့နယ်**

**ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း**

**အုပ်စု း** မယ်မသော် **ကျေးရွာ း** မယ်မသော်

**နေရာ း** ချမ်းသာကြီးဘုရား အာရုံခံ **ရက်စွဲ း** ၄. ၁. ၂၀၁၇

**အချိန် း** ၁၂ း ၀၀ မှ ၀၄ း ၃၀ ထိ **တက်ရောက်သူ း ကျား ၊** ၇၈ **/ မ ၊** ၈၂

ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားနှင့် ယနေ့မှာ ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းခွဲများ ရွေးချယ်မည်ဖြစ်သောကြောင့် ကျေးရွာတွင် လိုအပ်လျက်ရှိသော လုပ်ငန်းများသာ ရွေးချယ်ရန် ကျေးရွာလူထုအား ပြောကြားခဲ့ပါသည်။ ထို့နောက်ဝန်ထမ်းများမှ မိတ်ဆက်စကား ပြောကြားခဲ့ပါသည်။ လူထုစည်းရုံးရေးမှူးမှ အစည်းအဝေးရည်ရွယ်ချက်များ ရှင်းပြဆွေးနွေးခဲ့ပြီး ပထမအကြိမ်အစည်းအဝေးတွင် ပြုလုပ်ခဲ့သော လူမှုဆန်းစစ်မှုများမှ အခက်အခဲများအား ရှာဖွေဖော်ထုတ်ကာ ဒုတိယနှစ်စက်ဝန်းအတွက် လုပ်ငန်းခွဲများရွေးချယ်ပေးရန်နှင့် ထိုလုပ်ငန်းများအား ဦးဆောင်အကောင်အထည်ဖော်မည့် ကျေးရွာစေတနာ့ဝန်ထမ်းနှင့် ကော်မတီဝင်များ ရွေးချယ်ပေးကြရန် ရှင်းပြခဲ့ပါသည်။ပထမအကြိမ်အစည်းအဝေးမှ ထွက်ပေါ်လာသော အခက်အခဲများအား အမျိုးသား၊ အမျိုးသမီး ခွဲကာ အုပ်စုဖွဲ့ဆွေးနွေးခဲ့ကြပါသည်။ လူထုပူးပေါင်းဆန်းစစ်မှုမှ ထွက်ပေါ်လာသော ပြဿနာအခက်အခဲများ၊ မျှော်မှန်း ချက်များ၊ လိုအပ်လျက်ရှိသော လုပ်ငန်းခွဲများ ရွေးချယ်ဖော်ထုတ်ခဲ့ကြပါသည်။ ထို့နောက်လုပ်ငန်းခွဲများအား အကျုံးဝင်မှုနှင့် အကျုံးမဝင်မှုများအား ရှင်းပြကာ ထွက်ပေါ်လာသော လုပ်ငန်းခွဲများအား မဲဆန္ဒပေးကာ ရွေးချယ်ခဲ့ကြပါသည်။ထို့နောက် ပထမနှစ်မှ စေတနာ့ဝန်ထမ်းနှစ်ဦးအား ဒုတိယနှစ်စက်ဝန်းတွင် ကျေးရွာအတွက် ထပ်မံဆောင်ရွက်လိုစိတ် ရှိမရှိမေးမြန်းရာ စေတနာ့ဝန်ထမ်းနှစ်ဦးလုံးမှ ထပ်မံလုပ်ဆောင်မည်ဖြစ်ကြောင်း ကျေးရွာလူထုအား ကတိပြုလက်ခံခဲ့ပါသည်။ ကော်မတီဝင်များရွေးချယ်ရာတွင် ဝယ်ယူရေးကော်မတီဝင်များ အားလုံးနုတ်ထွက်သဖြင့် မဲဆန္ဒခံယူကာ ရွေးချယ်ခဲ့ပြီး ကျန်အဖွဲ့ဝင်များမှာ ဆက်လက်ထမ်းဆောင်သဖြင့် ကျေးရွာလူထုမှ ဂုဏ်ယူလက်ခုပ်တီးကာ သဘောတူခဲ့ကြပါသည်။

ထို့နောက် ဆုံးဖြတ်ချက်အနေဖြင့် မဲအများဆုံး လျှပ်စစ်မီးအား ကျေးရွာလူထုမှ ဒုတိယနှစ်စက်ဝန်းအတွက် ပထမဦးစားပေးအဖြစ် ရွေးချယ်နိုင်ခဲ့သဖြင့် ပျော်ရွှင်စွာ လက်ခုပ်တီးခဲ့ကြပါသည်။

**မှတ်တမ်းပြုစုသူ** **အတည်ပြုသူ**

**ဦးထွန်းနိုင်ဦး ( စေတနာ့ဝန်ထမ်း )** **ဦးထွန်းလွင်ဦး(စီထောက်ဥက္ကဌ)**

**လူထုဗဟိုပြုစီမံကိန်း ( National Community Driven Development Project )**

**မြောင်မြို့နယ်**

**အုပ်စု အစည်းအဝေးမှတ်တမ်း**

**အုပ်စု း** မယ်မသော် | **ကျေးရွား** မယ်မသော်

**နေရာ း** ချမ်းသာကြီးဘုရား အာရုံခံ | **ရက်စွဲ း** ၄. ၁. ၂၀၁၇

**အချိန် း** ၀၄ း ၃၀ မှ ၀၅ း ၀၀ ထိ | **တက်ရောက်သူ း ကျား** ၊ ၁၀ / **မ** ၊ ၁၀

ဒုတိယအကြိမ်မှ ထွက်ပေါ်လာသော လုပ်ငန်းခွဲများနှင့် ကော်မတီဝင်များအား အုပ်စုတွေ့ဆုံကာ ညှိနှိုင်းခဲ့ကြပါသည်။ ကော်မတီဝင်များမှာ အုပ်စုကော်မတီများအားလုံး အပြောင်းအလဲ မရှိသဖြင့် အဆင်ပြေခဲ့ပြီး ရန်ပုံငွေခွဲဝေမှုမှာလည်း ၅၀ ရာခိုင်နှုန်းစီဖြင့် ခွဲဝေခဲ့ရာ အဆင်ပြေခဲ့ပြီး၊ လုပ်ငန်းခွဲများကိုလည်း အဆင်ပြေစွာလုပ်ဆောင်ရန် ညှိနှိုင်းခဲ့ကြပါသည်။ ထို့နောက် တာဝန်ကျဝန်ထမ်းမှ ဘဏ္ဍာရေးသင်တန်းများ ပေးကာ အစည်းအဝေး အဆုံးသတ်ခဲ့ကြပါသည်။

**မှတ်တမ်းပြုစုသူ** | **အတည်ပြုသူ**

**ဦးထွန်းနိုင်ဦး ( စေတနာ့ဝန်ထမ်း )** | **ဦးထွန်းလွင်ဦး(စီထောက်ဥက္ကဌ)**

**လူထုဗဟိုပြုစီမံကိန်း ( National Community Driven Development Project )**

**မြောင်မြို့နယ်**

**တတိယအကြိမ် အစည်းအဝေးမှတ်တမ်း**

**အုပ်စု း** မယ်မသော် **ကျေးရွာ း** မယ်မသော်

**နေရာ း** ဥတ္တရာရုံကျောင်းတိုက် **ရက်စွဲ း** ၂၅. ၁. ၂၀၁၇

**အချိန် း** ၂ း ၂၀ မှ ၃ း ၃၀ ထိ **တက်ရောက်သူ း ကျား ၊ ၅၅ / မ ၊ ၇၅**

ရပ်ကျေးအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာ စကားပြောကြားပေးခဲ့ပါသည်။ တာဝန်ကျဝန်ထမ်း လက်ထောက်နည်းပညာမှူးမှာ အသစ်ရောက်ရှိလာသဖြင့် လူထုစည်းရုံး ရေးမှူးမှ ထပ်မံမိတ်ဆက်ကာ လက်ထောက်နည်းပညာမှူးမှ မိတ်ဆက်စကားပြောကြားခဲ့ပါသည်။

လူထုစည်းရုံးရေးမှူးမှ အစည်းအဝေးရည်ရွယ်ချက်အား ရှင်းပြပြီး မြို့နယ်စီခန့်မှ အတည်ပြု လိုက်သော လုပ်ငန်းမှာ လျပ်စစ်မီးဖြစ်ပြီး ကျေးရွာနှင့် ညှိနှိုင်းဆောင်ရွက်ရန် ပြောကြားပေးခဲ့ပါသည်။

လက်ထောက်နည်းပညာမှူးမှ ကျေးရွာရန်ပုံငွေမှာ သိန်း ၁၆၀ ခန့်ရှိသဖြင့် ကျန်ငွေများကို ကျေးရွာ အလှူရှင်များ ဝိုင်းဝန်းကူညီပေးမှ အဆင်ပြေမည်ဖြစ်ကြောင်း ပြောကြားပေးပါသည်။ ထို့ကြောင့် ကျေးရွာမှ ဝိုင်းဝန်းကူညီနိုင်မှု ရှိမရှိမေးမြန်းရာ ကျေးရွာလူထုမှ ထည့်ဝင်မည်ဖြစ်ကြောင်း သဘောတူခဲ့ ကြပါသည်။ ရပ်မိရပ်ဖ ဦးကြည်သောင်းမှ ကျေးရွာမှထည့်ဝင်ငွေမှာ ပြည့်မှီမှုကို စိုးရိမ်ကြောင်း မေးမြန်း ဆွေးနွေးခဲ့ပါသည်။ လက်ထောက်နည်းပညာမှူးမှ ထိုစိုးရိမ်မှုမှာ ဖြစ်သင့်ကြောင်း ထို့ကြောင့် EPC မှ လာရောက်တိုင်းတာပြီး ခန်းမှန်းကုန်ကျစရိတ် တွက်ချက်ပြီးပါက ရပ်ကျေးဥက္ကဌမှ သက်ဆိုင်ရာ ကော်မတီများနှင့် တိုင်ပင်ကာ ဖြစ်နိုင်မဖြစ်နိုင် တိုင်ပင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် အုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုးနိုင်မှ ကျေးရွာလူထုနှင့် ထပ်မံအစည်းအဝေးပြုလုပ်မည် ဖြစ်ကြောင်းနှင့် မီးလင်းရေး ကိစ္စကို ရွာလူထုနှင့် ပြောဆိုဆွေးနွေးပေးခဲ့ပါသည်။ လူထုစည်းရုံးရေးမှူးမှ ကျေးရွာလူထုအနေဖြင့် ညီညီညွတ်ညွတ် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ပါက မဖြစ်နိုင်စရာ မရှိ ကြောင်း ပြောဆိုပေးခဲ့ပြီး ဝန်ထမ်းများမှ နှုတ်ဆက်စကား ပြောကြားပြီး အစည်းအဝေး ပြီးဆုံးကြောင်း ကြေငြာခဲ့ပါသည်။

**မှတ်တမ်းပြုစုသူ** **အတည်ပြုသူ**

**ဦးထွန်းနိုင်ဦး ( စေတနာ့ဝန်ထမ်း )** **ဦးထွန်းလွင်ဦး(စီထောက်ဥက္ကဌ)**

**လူထုဗဟိုပြုစီမံကိန်း ( National Community Driven Development Project )**

**မြောင်မြို့နယ်**

**စတုတ္ထအကြိမ် ( နည်းပညာ ) အစည်းအဝေးမှတ်တမ်း**

**အုပ်စု း** မယ်မသော် — **ကျေးရွာ း** မယ်မသော်

**နေရာ း** ဥတ္တရာရုံကျောင်းတိုက် — **ရက်စွဲ း** ၂၇. ၂. ၂၀၁၇

**အချိန် း** ၁ း ၂၀ မှ ၃ း ၀၀ ထိ — **တက်ရောက်သူ း ကျား ၊** ၆၆ **/ မ ၊** ၆၉

လူထုစည်းရုံးရေးမှူးမှ အစည်းအဝေးရည်ရွယ်ချက်အား ရှင်းပြဆွေးနွေးပြီး အစည်းအဝေးလုပ်ငန်း စဉ် ( ပထမ၊ ဒုတိယ၊ တတိယ ) အကြိမ် အစည်းအဝေးများ လုပ်ဆောင်ပုံအဆင့်ဆင့်အား ကျေးရွာလူထု နှင့် ပြန်လည်တင်ပြဆွေးနွေးခဲ့ပါသည်။

နည်းပညာအစည်းအဝေးတွင် လက်ထောက်နည်းပညာမှူးမှ ကျေးရွာလျှပ်စစ်မီးလင်းရေး လုပ်ဆောင်မှုတွင် မီးကြိုးများနှင့် လျှပ်စစ်ပစ္စည်းများကို သတ်မှတ်စံညွှန်းနှင့် အညီ အသုံးပြုရန် စနစ်တကျ လုပ်ဆောင်ကြရန် သေချာရှင်းပြပါသည်။ လူထုစည်းရုံးရေးမှူးမှ အခွန်ကိစ္စနှင့် ပါတ်သက်ပြီး သေချာဆွေးနွေးခဲ့ရန် အကြံပြုခဲ့ပါသည်။

နည်းပညာ အစည်းအဝေးပြီးနောက် စီထောက် ဥက္ကဌမှ လည်ပတ်ပြင်ထိန်းနှင့် ပါတ်သက်ပြီး တင်ပြဆွေးနွေးခဲ့ပါသည်။ ဒုတိယနစ်မှာလည်း တစ်အိမ်ထောင်စု ၅၀၀ ထည့်ဝင်မည်ဖြစ်ကြောင်း လူထုမှ ဆွေးနွေးခဲ့ပါသည်။

**ဆုံးဖြတ်ချက်**

ဈေးပြိုင်၊ လူထုမှ လည်ပတ်ပြင်ထိန်းအတွက် ၅၀၀ ကျပ် လှူဒါန်းရန် သဘောတူ

ထို့နောက် ၄% အသေးသုံး အသုံးပြုရန် အုပ်စုကော်မတီ ဆွေးနွေးရာ

နဘက် သို့ ဆီဖိုး ၁၀၀၀၊ စားစရိတ် ၁၅၀၀၊ မြောင်သို့ ဆီဖိုး ၂၀၀၀ စားစရိတ် ၁၅၀၀နှင့် မန္တလေးသို့ စားစရိတ် ၅၀၀၀၊ ခရီးစရိတ် ၁၀၀၀၀ ကျပ်တိတိကို သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

**မှတ်တမ်းပြုစုသူ** — **အတည်ပြုသူ**

**ဦးထွန်းနိုင်ဦး ( စေတနာ့ဝန်ထမ်း )** — **ဦးထွန်းလွင်ဦး(စီထောက်ဥက္ကဌ)**

## အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ

### ၁။အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

စီမံကိန်းပထမနှစ်အတွက်ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန်ဖိတ်ကြားရာတွင်အမျိုးသမီးများအချိုးညီစွာပါဝင်ရန်ကျေးရွာတာဝန်ရှိသူများနှင့်အုပ်ချုပ်ရေးမှူးထံသို့ပြောကြားခဲ့ပါသည်။အစည်းအဝေးတိုင်းတွင်အမျိုးသမီးများပြောကြားလိုသောအချက်များကိုလွတ်လပ်ပွင့်လင်းစွာပြောကြားနိုင်ကြောင်းကိုလည်းအသိပေးထားပါသည်။ကျေးရွာအုပ်စုအဆင့်တွင်နှစ်စဉ်ပြုလုပ်သောလုပ်ငန်းများတွင်အမျိုးသမီးများတင်ပြတောင်းဆိုသောလုပ်ငန်းတခုပါဝင်မည်ဖြစ်ကြောင်းကိုလည်းပြောကြားခဲ့ပါသည်။လုပ်ငန်းခွဲများအကောင်အထည်ဖော်ဆောင်ရွက်သောလုပ်ငန်းဖြစ်ပါကတူညီသောလုပ်ငန်းအတွက်တူညီသောလုပ်ခလစာများရှိမည်ကိုလည်းပြောကြားခဲ့ပါသည်။စီမံကိန်းတွင်အမျိုးသမီး/သားခွဲခြားမှုများမရှိစေရန်ရည်ရွယ်ထားသည်ကိုလည်းပြောကြားမှုပြုလုပ်ခဲ့သည်။အမျိုးသမီးများ၏ဦးဆောင်နိုင်မှုနှင့်စီမံခန့်ခွဲမှုစွမ်းရည်များတိုးတက်လာစေရန်အတွက်ကော်မတီများထဲတွင်အမျိုးသမီးများ(၅၀%)ပါဝင်ရမည်ဖြစ်သည်။ဆပ်ကော်မတီတခုတိုင်းတွင်လည်းအနည်းဆုံးအမျိုးသမီးတဦးပါဝင်ရမည်ဖြစ်ပါသည်။ကော်မတီဝင်အမျိုးသမီးများသည်တင်ပြဆွေးနွေးမှုများပြုလုပ်ခြင်း၊ဆုံးဖြတ်ချက်များချခြင်းများပြုလုပ်ရမည်ဖြစ်ပါသည်။အမျိုးသားများမှလည်းကူညီပံ့ပိုးပေးရမည်ဖြစ်ပါသည်။ဒုတိယအကြိမ်အစည်းအဝေးများတွင်အမျိုးသမီးများသည်လိုအပ်ချက်အခက်အခဲများကိုလွတ်လပ်စွာဆွေးနွေးနိုင်ရန်အမျိုးသမီးသီးသန့်အုပ်စုများဖွဲ့ပြီးအခက်အခဲများဖော်ထုတ်ခြင်းကိုလည်းလုပ်ကိုင်ခဲ့ပါသည်။

**ကျေးရွာမိတ်ဆက်အစည်းအဝေးတွင် အမျိုးသမီးကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ**

**ကျေးရွာ/ကျေးရွာအုပ်စုအမည်-မယ်မသော်ကျေးရွာ၊မယ်မသော်ကျေးရွာအုပ်စု**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁။ | အစည်းအဝေးတက်ရောက်လူသူများအား ကျားမ ရေးရာအခြေခံ သဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂။ | စီမံကိန်းပါဝင်သော ကျားမရေးရာ အကောင်အထည်ဖော်ရေး လို အပ်ချက်(၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃။ | အစည်းအဝေးခေါ်ယူရာတွင် အမျိုးသား/သမီးများ အချိုးညီစွာ တက်ရောက်နိုင်ရေး အတွက်အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၄။ | အမျိုးသမီးများ၏ စကားသံများ၊ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ် လာအောင်ဖန်တီးပေးခဲ့ ပါသလား။ | √ | | |
| ၅။ | ဆပ်ကော်မတီဖွဲ့များ ဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့် ပါဝင်ဖွဲ့ စည်းရေး၊ ပူးပေါင်းပါဝင်ရေး ဦးဆောင်နိုင်ရေးအတွက် တွန်းအား ပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆။ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူ ပါဝင်တက် ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ ထည့်သွင်းစဉ်းစားဆောက်ရွက်ခြင်းများတို့ကို လုပ်ဆောင်ခဲ့ပါသလား | √ | | |
| ၇။ | လူနည်းစု၊ဆင်း၊နွမ်းပါး၊ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များ ကရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသ လား။ | √ | | |
| ၈။ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဂးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |
| ၉။ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/အမျိုးသမီးများနှင့် ကြုံတွေ့နေရ သောအခက်အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀။ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ကြိုတင်စီစဉ်ဆောင်ရွက်မှု မျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁။ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင် အမျိုးသား/သမီးများသီးခြားဆွေးနွေး ဖော်ထုတ်ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂။ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀:၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃။ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄။ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးသည့် လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅။ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆။ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားခြင်း၊မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇။ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီ ဝင်များကို ကျားမရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈။ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များ အားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။<br>မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။ | √ | | |

## ၁၃။ ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း

## မယ်မသော်ကျေးရွာ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့သူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ရွာတွင်း(ဂျင်းလမ်း)ပြုပြင်ခြင်း | ကျားမ | ၂၀၁၆ | ကော်မတီဝင် ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | ကျေးရွာမီးလင်းရေး | ကျားမ | ၂၀၁၇ | ကော်မတီဂင် ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | တံတား | ကျားမ | - | - | - |
| | ၄ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ကျားမ | - | - | - |
| | | | | | | |
| အသက်မွေးဝမ်းကျောင်း၊စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးနည်းပညာသင်တန်း | ကျားမ | - | - | မြို့နယ်စိုက်ပျိုးရေးဌာန |
| | ၂ | | | | | |
| | ၃ | | | | | |
| ကျန်းမာရေးနှင့် အဟာရ | ၁ | ဆေးဝါးပစ္စည်းများ | ကျားမ | - | - | ကျန်းမာရေးဌာန |
| | ၂ | ကျန်းမာရေးဆေးခန်း | ကျားမ | - | - | ကျန်းမာရေးဌာန |
| ပညာရေး | ၁ | ကျောင်းခြံစည်းရိုး၊ | ကျားမ | - | -- | မြို့နယ်ပညာ ပညာရေးဌာန |
| | ၂ | ကျောင်းပြုပြင် | ကျားမ | - | - | မြို့နယ်ပညာ ပညာရေးဌာန |
| | ၃ | | ကျားမ | - | - | - |
| အခြား | ၁ | အသေးစားငွေချေးလုပ်ငန်း | ကျားမ | - | - | မမြမေအဖွဲ့ |
| | ၂ | | ကျားမ | - | - | - |
| | ၃ | | ကျားမ | | - | - |

**၁၄။ VDP အရည်အသွေးထိန်းချုပ်မှု**

ထိန်းချုပ်သူ- ရက်စွဲ--- ကျေးရွာ--- VDP ရက်စွဲ----

မြို့နယ်--- ကျေးရွာအုပ်စု-----

(၁)VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။(OM အရ )

- မျက်နှာဖုံး(အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များ သဘောတူထားသည့်နောင်လေးနှစ်အတွက် ဦးစားပေး လုပ်ငန်းများစာရင်း(အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ပညာရေး၊လူမှုထိန်းသိမ်းမှု...) နောက်ဆက်တွဲများ
- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ်(ဖြစ်နိုင်လျှင်)၊မြေပုံများပါ ရမည်၊စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊Venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာအချက်အလက် (PC-1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သော ဦးရေ (အမျိုးသား/အမျိုးသမီး)-
- လူမှုရေးအကဲဖြတ်အရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းအသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့်လုပ်ငန်းများမှတ်တမ်းတင်ခြင်း(အစည်းအဝေးမှတ်တမ်း၊အဖွဲ့ဓါတ်ပုံ၊တိုင်းရင်း သားအနည်းစုနှင့်ထိခိုက်လွယ်အဖွဲ့များ)
- အလွန်ကောင်း
- ကောင်း
- ညံ့
- လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့်အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ်အားခွဲခြားထားသလား။
- ရှိ
- မရှိ
- စီမံကိန်းအရေအတွက်(အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-
- PRA နှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက်(အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေ အတွက်)--